## ပနားမားမှ အစ္စလာမ် သာသနာ



အမေရိကန်တိုက် အလယ်ပိုင်းနိုင်ငံ ဖြစ်၍၊ အီကွေတာ၏ မြောက်ဘက်ပိုင်းတွင် တည်ရှိသည်။ မြောက်ဘက်တွင် ကို့စ်တာရီကာနှင့် တောင်ဘက်တွင် ကိုလံဘီယာနိုင်ငံတို့ ထိစပ်လျှက်ရှိသည်။ ကမ္ဘာ့ အရှေ့ နောက် အာတိတ်- ပစ္စိဖိတ် သမုဒ္ဒရာကြီးနှစ်ခုအား ပေါင်းဆက်ပေးထားသည့် တူးမြောင်းကြီး ရှိနေ သောကြောင့် ပနားမားမှာ ထင်ရှားသော နိုင်ငံ ဖြစ်သည်။

ပနားမားနိုင်ငံ အစေဦးဆုံး အခြေချခဲ့သူများမှာ ကျူဘာ့စ်နှင့် ကိုလီ လူမျိုးစုတို့ ဖြစ်သည်။ သို့သော် ၎င်းတို့မှာ- ဘေးရောဂါကပ်ကျရောက်ခြင်း၊ စပိန်များ ရောက်ရှိချိန် ၁၅၀၀ ခုနှစ်များတွင် တိုက်ခိုက် ခံရခြင်းများကြောင့် အကြီးအကျယ် ပျက်စီးတိမ်ကောခဲ့ရသည်။

ဥရောပသားများ မရောက်မီ နှစ် ထောင်ပေါင်းများကတည်းက ပနားမားတွင် အခြေချနေထိုင်သူများ ရှိခဲ့သည်။ အဓိက လူမျိုးများမှာ ချစ်ဘ်ချန်၊ ချိုခိုဟင်နှင့် ချူယာတို့ ဖြစ်၍၊ ချူယာ လူမျိုးမှာ လူများစု ဖြစ် သည်။ ဥရောပသားများ မရောက်မီ မူလတိုင်းရင်း လူဦးရေ ၂ သန်းခန့်ရှိခဲ့သည်ဟု သမိုင်းပညာရှင်များ ကဆိုကြသည်။ ဗင်နီဇွဲလားမှ တစ်ဆင့် ရေကြောင်းခရီးဖြင့် ရိုဒီဂို ဒီ ဘာ့တစ်တာ သည် ပနားမားသို့ ၁၅၀၁ ခုနှစ်တွင် ရွှေရှာရန် ရောက်ရှိလာခဲ့သည်။ ၁၅၁၃ ခုနှစ်တွင် ပနားမား ကုန်းဆက်တန်းသည် ကမ္ဘာ့အရှေ့ အနောက်သို့ သွားရန် ရေကြောင်းခရီးအတွက် ဖြတ်ကျော်ရသည်မှာ အနီးဆုံးကုန်းလမ်း အဖြစ် အရေး ကြီးလာခဲ့သည်။
ပနားမားသည် ၁၅၃၈ မှ ၁၈၂၁ ထိ နှစ်ပေါင်း ၃၀၀ ခန့် စပိန်ကိုလိုနီ ဖြစ်ခဲ့ရသည်။




**အစ္စလာမ်သာသနာ**

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

ပနားမားရှိ ရှေးဦး ပထမ မူဆလင်များမှာ ၁၅၅၂ ခုနှစ်တွင် ရွှေမိုင်းတူးရန် စပိန်တို့ ဖမ်းဆီးခေါ်ဆောင် လာသော အာဖရိကတိုက်ရှိ မန်ဒင်ကာ လူမျိုးစုမှ ဖြစ်သည်။ ၎င်းတို့ လူဦးရေ ငါးရာခန့်အား ဖမ်းဆီး သယ်ဆောင်ခဲ့ရာ အတ္တလန်တိတ် ကမ်းရိုးတန်း၌ သင်္ဘောမြုပ်၍ လွတ်မြောက်သွားခဲ့သည်။ သူတို့သည် ကိုလိုနီများအား ဆန့်ကျင် တိုက်ခိုက်သည့် တိုက်ပွဲ၌ ဗိန်နို ဆိုသည့် သူအား ခေါင်းဆောင် အဖြစ် ရွေးကောက်ခဲ့ကြသည်။ သူတို့သည် အစ္စလာမ်ကောင်စီများ၊ ဝတ်ကျော်ငေးတော်များကို ဒါရိမ်းန်၊ စန်မီ ဂေါ်၊ စန်ဘောစ် နှင့် ဘေယာနို မြစ်ကမ်း တစ်လျှောက်၌ တည်ဆောက်ခဲ့ကြသည်။ ထို ဘေယာနိုတို့ သည် ပနားမားအား ကိုလိုနီပြု အုပ်ချုပ် သည့် အစိုးရနှင့် စစ်ရပ်စဲရေး စာချုပ်ချုပ်ဆိုနိုင်ခဲ့သည်။ သို့သော် ဗိုလ်ချုပ် ပီဒရိုဒီ အာစွာက သူတို့၏ ပြောက်ကျား ခေါင်းဆောင်အား လက်ရဖမ်းနိုင်ခဲ့ပြီး၊ သူ့အား ပီရူးသို့၊ ထို့နောက် စပိန်သို့ ပို့ခဲ့သည်။ စပိန်တွင်ပင် ပြောက်ကျားခေါင်းဆောင် သေဆုံးခဲ့ရသည်။ ထို့ နောက်တွက် ဘေယာနို မူဆလင်တို့နှင့် ချုပ်ဆိုသော စာချုပ်အားလုံးကို ဖျက်သိမ်းခဲ့သည်။ ထိုမှ စ၍ ပနားမားတွင် မူဆလင်တို့၏ သမိုင်းမှာ ချုပ်ငြိမ်းသွားခဲ့ရပြီး များစွာသော သမိုင်းများကလည်း ဘေယာနို အစ္စလာမ်များ သမိုင်းကို အကြီးအကျယ် ချန်လှပ်ထားခဲ့သည်။

ဒုတိယမြောက် ရောက်ရှိလာသော မူဆလင်များမှာ အိန္ဒိယတိုက်ငယ်နှင့် လက်ဘနွန်မှ လူလွတ်များ ဖြစ်၍။ ၁၉၀၄ နှင် ၁၉၁၃ တွင် ရောက်ရှိလာသူများ ဖြစ်ကာ ဒေသခံ အမျိုးသမီးများနှင့် အိမ်ထောင်ပြု ခဲ့ကြသည်။ ၁၉၂၉ ခုနှစ်တွင် အိန္ဒိယ ဘုံဘေမှ အခြား မူဆလင်အုပ်စု ရောက်ခဲ့ပြန်သည်။ ၎င်းတို့က ဆွန္နီ အင်ဒို-ပါကစ္စတန်နီ ဆိုဆိုက်တီဟူ၍  ၁၉၂၉ မှ ၁၉၄၈ ထိ လည်ပတ်ခဲ့၍- နောက်ပိုင်းတွင် ပနားမား မူဆလင် မက်ရှင်းဟု အမည် ပြောင်းခဲ့သည်။ ပနားမားစီးတီး၌ ဝတ်ကျောင်းတော် တစ်ဆောင်အား တည်ဆောက်ခဲ့သည်။

ထိုတစ်ဝက်ခန့်သာ ဆောက်လုပ်ပြီးစီးသော ဝတ်ကျောင်းတော်တွင် အီးဒ် ဆွလာ့သ် ဝတ်ပြုများနှင့် မူဆလင်သစ်များအတွက် စာသင်ခန်းများ ဖြစ်ခဲ့သည်။ ထို့ပြင် ဂျမေးလ်ကားလ် လူမျိုး ဘစ်ဇယ် အော့စ်ကွမ် ဦးဆောင်သော ကိုလွန်မြို့မှ မူဆလင်များက ဘရော့ဒ်ဝေး ၆ လမ်းတွင် ဝတ်ပြုရန် နေရာ ငှားရမ်း အသုံးပြုခဲ့သည်။

၁၉၃၂ ခုနှစ်တွင် အခြားသော အုပ်စု ဖြစ်သည့်  ဆန်မီဂေါလ်နှင့် ပနားမာ စီးတီး ကလီဒိုနီးယား မူဆလင်များသည် လမ်းတို လမ်း၌ အခြေချလျှက် စည်းဝေးပွဲများနှင့် ဆွလားသ်ဝတ်ပြုမှုများကို ပြုလုပ်ခဲ့သည်။



PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

၁၉၇၀ နှစ်များမှ စ၍ ပနားမား လူလတိုင်းရင်းသားများ ဖြစ်သည့် အဗ္ဗဒူလ် ဝဟာ့ဗ် ဂွန်ဆွန်နှင့် ဆူလေမန် ဂျွန်ဆွန်တို့သည် ပနားမားစီးတီးနှင့် ကိုလွန်တို့တွင် သာသနာပြု လုပ်ငန်းများကို စတင်ခဲ့သည်။ ယခုအခါတွင် ပနားမား၌ အစ္စလာမ့် ဝတ်ကျောင်းတော် လေး ဆောင်ရှိတည်ရှိပေသည်။

Wiki အား မှီငြမ်း၍ တင်ပြသည် (ဦးဌေးလွင်ဦး)

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com